# ၂၀၂၄ ခုနှစ် မေလအတွင်း လူ့အခွင့်အရေးအခြေအနေ
# အနှစ်ချုပ် ခြုံငုံတင်ပြချက်

လစဉ်ထုတ်ဝေမှု အမှတ်စဉ် (၂)

ပထမအကြိမ်၊ မေလ၊ ၂၀၂၄

# နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် မြန်မာစစ်တပ်က နိုင်ငံအာဏာကို တရားမဝင်သိမ်းယူခဲ့ပြီးနောက် နိုင်ငံတဝန်းလုံး၌ နိုင်ငံရေးအကြမ်းဖက်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ နိုင်ငံရေးကိုအခြေခံကာ ဆက်စပ်ဖြစ်ပေါ်လာသည့် လူမှုရေး၊ စီးပွားရေး ပြိုကျပျက်စီးမှုများစွာ တောက်လျှောက်ဖြစ်ပေါ်လာခဲ့သည်။ ၂၀၂၁ ဖေဖော်ဝါရီလနောက်ပိုင်း မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများစွာက မှတ်တမ်းတင်ဖော်ပြလျက်ရှိနေသည်ကို မိမိတို့ သတိပြုမိသည်။

အဓိကာရအဖွဲ့သည်လည်း လူ့အခွင့်အရေးအဖွဲ့တခုအနေဖြင့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ အနှစ်ချုပ်ခြုံငုံတင်ပြချက်များ လစဉ်ရေးသားထုတ်ပြန်လျက်ရှိသည်။ အဆိုပါလေ့လာသုံးသပ်ချက်ကို တလအတွင်းထွက်ရှိသော ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ သုတေသနနှင့် လေ့လာသုံးသပ်ချက် အစီရင်ခံစာများနှင့် အမှီအခိုကင်းသောသတင်းမီဒီယာများ၏ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ သတင်းမှတ်တမ်းဖော်ပြချက်များကို အခြေခံ၍ အပိုင်းနှစ်ပိုင်းခွဲ၍ လအလိုက်ရေးသားပြုစုခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်၊ မေလအတွက် လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ အဓိကာရမှ ၂၀၂၄ ခုနှစ် မေလအတွင်း ထွက်ရှိသော အဖွဲ့အစည်း လေးခု၏ အစီရင်ခံ လေးစောင်နှင့် သတင်းမီဒီယာ ခုနစ်ခု၏ သတင်း/ဆောင်းပါး အပုဒ်ရေ ၆၅၀ ခန့်ကို အဓိကာရမှ စုဆောင်းလေ့လာ၍ အနှစ်ချုပ်ရေးသားခဲ့သည်။ မေလအတွက် လူ့အခွင့်အရေးအခြေအနေနှင့် ပတ်သက်၍ အဓိကတွေ့ရှိရသော ခေါင်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

## ၂၀၂၄ ခုနှစ် မေလအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးအစီရင်ခံစာများ

၁။ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများ ကြုံတွေ့ရင်ဆိုင်ရသော အခက်အခဲများနှင့် ပတ်သက်ပြီး USIP မှ ထုတ်ပြန်သည့် အစီရင်ခံစာ
၂။ Justice For Myanmar မှ ထုတ်ပြန်သည့် မြန်မာစစ်တပ်နှင့် စစ်ဆင်ရေးသုံးယာဉ်များ ကုန်သွယ်မှု ပြုလုပ်လျက်ရှိသည့် Sinotruk အစီရင်ခံစာ
၃။ ထိုင်းနိုင်ငံရောက် နိုင်ငံခြားသားများကြုံတွေ့နေရသော မလုံခြုံမှုများနှင့် ပတ်သက်ပြီး Human Rights Watch မှ ထုတ်ပြန်သည့် "We Thought We Were Safe" အစီရင်ခံစာ
၄။ ၂၀၂၃ အတွင်း သေဒဏ်စီရင်မှုဆိုင်ရာ အစီရင်ခံစာ

## ၂၀၂၄ ခုနှစ် မေလအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးဆိုင်ရာ သတင်းမှတ်တမ်းဖော်ပြချက်များ

၁။ PJ Passport အမျိုးအစားကိုင်ဆောင်သူ အမျိုးသားများ ပြည်ပထွက် အလုပ်လုပ်ကိုင်ခွင့် ကန့်သတ်ခံရခြင်း
၂။ ၂၀၂၄ ခုနှစ် မေလတွင် ကျူးလွန်ခဲ့သော စစ်တပ်၏ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုများ
၃။ AA နှင့် စစ်ကောင်စီတို့ တိုက်ပွဲများအကြား ဖြတ်သန်းနေရသည့် ဘူးသီးတောင်ရှိ ရိုဟင်ဂျာများ၏ ဘဝအခြေအနေ

# ၂၀၂၄ ခုနှစ် မေလအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးအစီရင်ခံစာများ

## ၁။ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများ ကြုံတွေ့ရင်ဆိုင်ရသော အခက်အခဲများနှင့် ပတ်သက်ပြီး USIP မှ ထုတ်ပြန်သည့် အစီရင်ခံစာ

ရိုဟင်ဂျာများ ကြုံတွေ့နေရသော အခက်အခဲ အကျပ်အတည်းများနှင့် မရေရာသော ၎င်းတို့၏ ကံကြမ္မာနှင့် စပ်လျဉ်း၍ Rohingya Face Fresh Uncertainty in Myanmar “ရိုဟင်ဂျာများ မသေချာမရေရာမှုများနှင့် ရင်ဆိုင်နေရခြင်း” ခေါင်းစဉ်ဖြင့် United States Institute of Peace (USIP) မှ ၂၀၂၄ ခုနှစ် မေလ ၈ ရက်နေ့တွင် အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ကုန်းလမ်း၊ ရေလမ်းများ အားလုံးကို စစ်တပ်မှပိတ်ဆို့ထားခြင်းကြောင့် ရိုဟင်ဂျာများနှင့် အခြားသော လူမှုအသိုက်အဝန်းများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြဿနာများကို ပြင်းထန်စွာ ရင်ဆိုင်နေကြရသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ စားနပ်ရိက္ခာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဒုက္ခသည်စခန်းများတွင် မလုံခြုံမှု စသည့် ပြဿနာများကို ရင်ဆိုင်နေရသကဲ့သို့ အတင်းအကြပ် စစ်မှုထမ်းရန် စေခိုင်းခံရခြင်းများလည်းရှိနေသည့်အပြင် စစ်တပ်နှင့် အာရက္ခတပ်တော် နှစ်ဘက်စလုံးမှ ရိုဟင်ဂျာများကို လူသားဒိုင်းအဖြစ် အသုံးပြုမှုများ ပြုလုပ်လျက်ရှိသည်ဟုလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရိုဟင်ဂျာတဦးကို လူ့အခွင့်အရေးဝန်ကြီးအဖြစ် NUG မှ ခန့်အပ်ထားခြင်းသည် အပြုသဘောဆောင်သည့် အပြုအမူဖြစ်သော်လည်း ရိုဟင်ဂျာများ ကြုံတွေ့နေရသည့် အခြေအနေများအရ NUG အနေဖြင့် ယခုကဲ့သို့ လုပ်ဆောင်ခြင်းသည် နိုင်ငံတကာ၏ ဖိအားလျော့ကျစေရန် လုပ်ဆောင်ခြင်းသာဖြစ်သည်ဟု ရိုဟင်ဂျာတဦး၏ ပြောဆိုချက်ကို အစီရင်ခံစာက ဖော်ပြသည်။

AA ကိုယ်စားပြုသည့် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် (ULA) အစိုးရသည် ရခိုင်ပြည် ပြန်လည်တည်ဆောက်ရေးအတွက် ကြီးမားသော ပြင်ပပံ့ပိုးကူညီမှုများ လိုအပ်မည်ဖြစ်ပြီး ရိုဟင်ဂျာအရေးနှင့် ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်း၏ အာရုံစိုက် အရေးပေးမှု ပိုမို တိုးလာနိုင်ဖွယ်ရှိကြောင်းနှင့် ULA ထိန်းချုပ်ထားသော ရခိုင်ပြည်နယ်သည် ရိုဟင်ဂျာအရေးနှင့် စပ်လျဉ်း၍ သံတမန်နည်းလမ်းသစ်များ လိုအပ်နေသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်၊

## ၂။ Justice For Myanmar မှ ထုတ်ပြန်သည့် မြန်မာစစ်တပ်နှင့် စစ်ဆင်ရေးသုံးယာဉ်များ ကုန်သွယ်မှု ပြုလုပ်လျက်ရှိသည့် Sinotrouck အစီရင်ခံစာ

ဂျာမန်ကုမ္ပဏီ Traton SE မှ ပံ့ပိုးပေးသည့် တရုတ်ကုမ္ပဏီ Sinotruck စီနိုထရပ်မှ တင်သွင်းသည့် စစ်ထရပ်ကားများ အသုံးပြုကာ မြန်မာအရပ်သားပြည်သူများအပေါ် အာဏာသိမ်းစစ်တပ်မှ ဖိနှိပ်မှုများ ပြုလုပ်နေကြောင်းကို ၂၀၂၄ ခုနှစ် မေလ ၉ ရက်နေ့တွင် Justice for Myanmar က Faulty Transmission: The Myanmar Junta’s Reliance on Global Military Truck Supply Chains အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်။

Sinotruck ဘက်မှ မြန်မာစစ်တပ်အား ကူညီပေးနေခြင်း မရှိဟု ငြင်းဆိုထားသော်လည်း Justice Myanmar သည် မြန်မာနိုင်ငံရှိ Sinotruck လုပ်ငန်းများနှင့် စစ်တပ်က ၎င်းတို့၏မော်တော်ယာဉ်များ မည်သို့ရယူခဲ့သည်ကို အချက်အလက်များ၊ လူ့အရင်းအမြစ်များ၊ မီဒီယာရရှိချက်များ၊ လူမှုမီဒီယာနှင့် ကော်ပိုရိတ်လုပ်ငန်းဆိုင်ရာအချက်အလက်များကို အသုံးပြု၍ စုံစမ်းစစ်ဆေးခြင်းအားဖြင့် ရရှိလာသော အချက်အလက်များအပေါ် အခြေခံ၍ပြုလုပ်ရေးသားထားကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၂၄ ခုနှစ် မတ်လ ၅ ရက်တွင် ခုခံတော်လှန်စစ် ဆင်နွှဲနေသူများသည် Mile Truck ယာဉ် ခုနစ်စီး၊ Sinotruk ယာဉ် ၃၁ စီးနှင့် Sinotruck ရေအမြောက်တစီးတို့ကို သိမ်းပိုက်၊ ဖျက်ဆီး၊ ဖမ်းဆီးနိုင်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ Sinotruck မော်တော်ယာဉ်များသည် မြန်မာစစ်တပ်၏ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို လွယ်ကူချောမွေ့စေရန်အတွက် အထောက်အကူ များစွာဖြစ်ကြောင်း အဆိုပါကိစ္စရပ်များက ညွှန်ပြနေသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

Sinotruck ၏ မြန်မာစစ်တပ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိဟူသော ပြောဆိုချက်သည် ၎င်းနှင့် မြန်မာစစ်တပ်၏ ကြီးမားကျယ်ပြန့်သော ဆက်ဆံရေးနှင့် ဝိရောဓိဖြစ်လျက်ရှိကာ ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်ထားသော မော်တော်ယာဉ်များတွင် Miltruck ဟု တံဆိပ်တပ်ထားခြင်းနှင့် တင်ပို့မှုများသည် အထောက်အထားများဖြစ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ တရုတ်နိုင်ငံပိုင် ထုတ်လုပ်ရေးလုပ်ငန်း Sinotruk Group သည် အရပ်ဘက်နှင့် စစ်ဘက် နှစ်မျိုးသုံးကားများကို ထုတ်လုပ်ပြီး လုပ်ငန်းခွဲ ၆၀ ကျော်တွင် အစုရှယ်ယာများစွာကို ပိုင်ဆိုင် ထားကာ ဂျာမန်ထုတ်လုပ်ရေးလုပ်ငန်း MAN သည် ယခုအခါ Volkswagen AG ၏ လုပ်ငန်းခွဲဖြစ်သည့် Traton နှင့် ပေါင်းစည်းခြင်းမပြုမီ ယခင်က Sinotruck (Hong Kong) တွင် ရှယ်ယာ၂၅ % ကို ပိုင်ဆိုင်ခဲ့ဖူးသည်။ Sinotruck သည် မြန်မာနိုင်ငံသို့ မော်တော်ယာဉ်များနှင့် မော်တော်ယာဉ်အစိတ်အပိုင်းများ အပြည့်အစုံတင်ပို့ကာ စစ်တပ်၏ ကြီးကြပ်မှုအောက်တွင် တပ်ဆင်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ၎င်း တပ်ဆင်ထုတ်လုပ်မှုများတွင် ကြီးကြပ်ကွပ်ကဲနေသည့် လူမှုမီဒီယာပေါ်မှဓာတ်ပုံအထောက်အထားများက Sinotruck သည် မြန်မာစစ်တပ်အတွက် ပါဝင်ပတ်သက်လျက်ရှိကြောင်း ပြသနေသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဂျာမနီအစိုးရနှင့် ဥရောပကော်မရှင်တို့သည် Traton နှင့် Volkswagen တို့အား မြန်မာနိုင်ငံတွင် ဆက်လက်ကျူးလွန်နေသော စစ်ရာဇဝတ်မှုများကို အထောက်အကူမပြုရန်နှင့် တရုတ်အစိုးရကို မြန်မာနိုင်ငံသို့ စစ်ဘက်သုံးကုန်တင်ပို့မှုအားလုံး ပိတ်ပင်ခြင်းအားဖြင့် စစ်ကောင်စီအား ထောက်ပံ့ကူညီမှုများကို ဖြတ်တောက်သင့်သည်ဟု အစီရင်ခံစာတွင် အကြံပြုထားသည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှလည်း ကမ္ဘာလုံးဆိုင်ရာ လက်နက်ပိတ်ဆို့မှုနှင့် အခြားအရေးယူပိတ်ဆို့မှုများ ပြုလုပ်သင့်သည်ဟု အစီရင်ခံစာက တိုက်တွန်းထားသည်။

## ၃။ ထိုင်းနိုင်ငံရောက် နိုင်ငံခြားသားများကြုံတွေ့နေရသော မလုံခြုံမှုများနှင့် ပတ်သက်ပြီး Human Rights Watch မှ ထုတ်ပြန်သည့် "We Thought We Were Safe" အစီရင်ခံစာ

ထိုင်းနိုင်ငံသို့ ရောက်ရှိနေသော ဒုက္ခသည်များအား ထိုင်းအစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုများ၊ အတင်းအကြပ် နေရပ်ပြန်ပို့ခြင်းများနှင့် ပတ်သက်ပြီး နိုင်ငံခြားသားများ၏ မလုံခြုံမှုများကို စောင့်ကြည့်လေ့လာသည့် အစီရင်ခံစာတစ်စောင်ကို ၂၀၂၄ ခုနှစ် မေလ ၁၅ ရက်နေ့တွင် Human Rights Watch မှ ထုတ်ပြန်ခဲ့သည်။

၂၀၁၄ ခုနှစ် ထိုင်းစစ်တပ်အာဏာသိမ်းပြီးချိန်မှစ၍ စောင့်ကြည့်ခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်း၊ ဖမ်းဆီးခံရခြင်း၊ ပျောက်ဆုံးခြင်းများနှင့် ထိုင်းအစိုးရမှ အတင်းအဓမ္မ နေရပ်ပြန်ပို့ခြင်းများသည် ထိုင်းနိုင်ငံရှိ ဒုက္ခသည်များနှင့် နိုင်ငံရေးခိုလှုံခွင့်တောင်းခံနေသူများ ကြုံတွေ့နေရသည့် ခြိမ်းခြောက်မှုတရပ်ဖြစ်သည့်အပြင် တစ်ခါတစ်ရံ ၎င်းတို့သည် ကိုယ်ထိလက်ရောက် တိုက်ခိုက်မှုများကိုလည်း ကြုံတွေ့ရတတ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ထို့အပြင် အရှေ့တောင် အာရှရှိ ပြည်ပရောက် ထိုင်းတက်ကြွလှုပ်ရှားသူများကို နိုင်ငံဖြတ်ကျော် ဖိနှိပ်မှုများတွင် ထိုင်းအာဏာပိုင်များ ပါဝင်ပတ်သက်နေကြောင်း ယင်းအစီရင်ခံစာတွင် ရေးသားဖော်ပြထားသည်။

၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ထိုင်းအစိုးရမှ နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု ၂၅ ခု ပြုလုပ်ခဲ့ပြီး ထောက်လှမ်းစောင့်ကြည့်ခြင်း၊ နှောင့်ယှက်ခြင်း၊ အကြမ်းဖက်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ နှင့် အတင်းအဓမ္မ နေရပ် ပြန်ပို့ခြင်းများအပါအဝင် အဓမ္မနေရပ်ပြန်လည်မပို့ဆောင်ရေးအခြေခံမူ (Principle of non-refoulement) ကို လည်း ချိုးဖောက်ခြင်းများ ရှိခဲ့ကြောင်း အစီရင်ခံစာက ဆိုသည်။

ထိုင်းနိုင်ငံသည် ၂၀၁၄ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက် ဆန္ဒပြခေါင်းဆောင်များကို မတရားဖမ်းဆီးခြင်း၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများကို အကြမ်းဖက်ဖြိုခွင်းခြင်း၊ တက်ကြွလှုပ်ရှားသူများကို ဖိအားပေးခြင်း နှင့် လွတ်လပ်စွာထုတ်ဖော်ခွင့်ကို ဖိနှိပ်ကန့်သတ်ခြင်းအပါအဝင် ဖိနှိပ်မှုများ တိုးမြင့်လုပ်ဆောင်ခဲ့ကြောင်း အစီရင်ခံစာတွင် တင်ပြထားသည်။

၂၀၂၃ ခုနှစ် မေလတွင် ရွေးကောက်တင်မြှောက်ခံထားရသော ထိုင်းအစိုးရအသစ် ဝန်ကြီးချုပ် Srettha Thavisin ဆယ်ယထာ ထာဝီဆင် လက်ထက်တွင် ပြည်ပရောက် အတိုက်အခံများကို နိုင်ငံဖြတ်ကျော် ဖိနှိပ်ချုပ်ချယ်သည့် လဲလှယ်ရေးအစီအစဉ်များကို အမြန်အဆုံးသတ်ရန် တာဝန်ရှိကြောင်း အစီရင်ခံစာတွင် ရေးသားဖော်ပြထားသည်။

## ၄။ ၂၀၂၃ အတွင်း သေဒဏ်စီရင်မှုဆိုင်ရာ အစီရင်ခံစာ

၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ သေဒဏ်နှင့်ဆိုင်သော တရားစီရင်ရေးဆိုင်ရာ အချက်အလက်များ၊ သေဒဏ်ချ မှတ်ခံရသူများ၊ ၎င်းတို့၏ မိသားစုများနှင့် ကိုယ်စားလှယ်များ၊ မီဒီယာအစီရင်ခံစာများနှင့် အခြားအရပ်ဘက်အဖွဲ့အစည်း များ ထံမှရရှိသော သတင်းအချက်အလက်များ အပေါ်အခြေခံ၍ "The Use of the Penalty in 2023" ခေါင်းစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International) မှ အစီရင်ခံစာ တစောင်ကို ၂၀၂၄ ခုနှစ် မေလ ၂၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

Amnesty International သည် ကမ္ဘာလုံးဆိုင်ရာ သေဒဏ်အသုံးပြုမှုကို စောင့်ကြည့်လေ့လာကာ ၂၀၂၃ ခုနှစ်တွင် လူသိရှင်ကြားထုတ်ပြန်သော ကွပ်မျက်မှုပေါင်း ၁,၁၅၃ခုကို မှတ်တမ်းတင်ခဲ့သည်။ ၎င်းကိန်းဂဏန်းသည် သေဒဏ်ပေးမှု ၈၈၃ မှ တွေ့ရှိခဲ့သည့် ၂၀၂၂ ခုနှစ်ကထက် ၃၁ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်။ ထိုကမ္ဘာလုံးဆိုင်ရာ ကွပ်မျက်မှုတိုးလာမှုများအနက် အီရန်နိုင်ငံတွင် မှတ်တမ်းရရှိထားသည့် သေဒဏ်စီရင်မှု အရေအတွက် သိသိသာသာတိုးလာခြင်းသည် အဓိကအချက် တခု ဖြစ်သည်။ အီရန်တွင် ၂၀၂၂ ခုနှစ်အတွင်း ၅၇၆ ကြိမ် သေဒဏ်ပေးခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ၈၅၃ ကြိမ် ရှိလာခဲ့ရာ ၄၈ ရာခိုင်နှုန်းအထိ တိုးလာခဲ့ခြင်းဖြစ်သည်။ အဆိုပါ သေဒဏ်ပေးမှု ၈၅၃ ခုသည် ကမ္ဘာလုံးဆိုင်ရာ ကွပ်မျက်မှုအားလုံး၏ ၇၃ ရာခိုင်နှုန်း ရှိသည်။ အခြားထင်ရှားသော ကွပ်မျက်မှုအနေဖြင့် ဆော်ဒီအာရေဗျတွင် မှတ်တမ်းတင်တွေ့ရှိသော ကွပ်မျက်မှု ပေါင်း ၂၀၂၂ ခုနှစ်တွင် ၁၉၆ ကြိမ်ရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ၁၇၂ ကြိမ်သို့ ၁၂ ရာခိုင်နှုန်းကျော် လျော့ကျသွားခဲ့သည်။

တကမ္ဘာလုံးအတိုင်းအတာအနေဖြင့် သေဒဏ်ပေးမှုသည် ၂၀၂၃ ခုနှစ်အတွင်း ၂,၄၂၈ ကြိမ်ထိ သိသိသာသာ တိုးလာခဲ့ရာ အရှေ့နှစ်ကထက် ၂၀ ရာခိုင်နှုန်း တိုးလာပြီး ၂၀၁၈ ခုနှစ်နောက်ပိုင်း အမြင့်ဆုံး အရေအတွက်ဖြစ်သည်ဟု Amnesty International က အစီရင်ခံစာတွင် ဖော်ပြထားသည်။ အထူးသဖြင့် မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သော ပြစ်မှုများအတွက် အဓိကအားဖြင့် သေဒဏ်အသုံးပြုမှုနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုအပိုင်းတွင် အကန့်အသတ်ရှိနေဆဲဖြစ်သော တရုတ်၊ မြောက်ကိုရီးယားနှင့် ဗီယက်နမ်ကဲ့သို့ နိုင်ငံများနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုရှိကြောင်းလည်း ရေးသားဖော်ပြထားသည်။

နိုင်ငံတကာလူ့အခွင့်အရေးဥပဒေတွင် “ပြင်းထန်သောရာဇဝတ်မှုများ” (ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်ခြင်းဆိုင်ရာ ရာဇဝတ်မှု)၏ သတ်မှတ်ချက်များနှင့်မကိုက်ညီသော ရာဇဝတ်မှုများအတွက် သေဒဏ်ချမှတ်ခြင်းကို တားမြစ်ထားသည့်တိုင် အနည်းဆုံးငါးနိုင်ငံ – တရုတ်၊ အီရန်၊ ကူဝိတ်၊ ဆော်ဒီအာရေဗျနှင့် စင်္ကာပူနိုင်ငံတို့တွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပြစ်မှုများအတွက် သေဒဏ်ပေးခြင်းကို ကျင့်သုံးနေပြီး ကွပ်မျက်မှု စုစုပေါင်း ၅၀၈ ခုကို မှတ်တမ်းတွေ့ရှိခဲ့ရာ ယင်းသည် ၂၀၂၂ ခုနှစ်တွင် မှတ်တမ်းတင်ထားသော အရေအတွက်ထက် ၅၆ ရာခိုင်နှုန်း တိုးလာခဲ့ခြင်းဖြစ်သည်။

အစီရင်ခံစာတွင် သေဒဏ်ပေးခြင်းဆိုင်ရာ နည်းစနစ်နှင့် Amnesty International ၏ ရပ်တည်ချက်နှင့် စပ်လျဉ်းသည့် အဓိကအချက်များကိုလည်း အလေးပေးဖော်ပြထားသည်။ Amnesty International သည် အခြေအနေအားလုံးတွင် သေဒဏ်ပေးခြင်းကို ဆန့်ကျင်ပြီး ရာဇဝတ်မှုသဘာဝ၊ တဦးချင်းဝိသေသလက္ခဏာများ သို့မဟုတ် နိုင်ငံများက အသုံးပြုသည့် ကွပ်မျက်ရေးနည်းလမ်းကို ကမ္ဘာတဝန်းလုံးတွင် ခြွင်းချက်မရှိ ဖျက်သိမ်းရန် ထောက်ခံအားပေးကြောင်းနှင့် သေဒဏ်ပေးမှု ကို ခြွင်းချက်မရှိ ဆန့်ကျင်ကြောင်း ရေးသားထားသည်။

# ၂၀၂၄ ခုနှစ် မေလအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးဆိုင်ရာ သတင်းမှတ်တမ်း ဖော်ပြချက်များ

## ၁။ PJ Passport အမျိုးအစားကိုင်ဆောင်သူ အမျိုးသားများ ပြည်ပထွက် အလုပ်လုပ်ကိုင်ခွင့် ကန့်သတ်ခံရခြင်း

စစ်မှုထမ်းဥပဒေ ထွက်လာပြီးနောက် မေလ ၁ ရက်နေ့တွင် PJ Passport အမျိုးအစား ကိုင်ဆောင်သူများ ပြည်ပထွက်ခွာခွင့် ပိတ်လိုက်သည်ဟု မီဒီယာများက ဖော်ပြသည်ကို တွေ့ရှိရသည်။ နယ်စပ်မှတဆင့် ပြည်ပ ထွက်ခွာမည့်သူများနှင့် နိုင်ငံကူးလက်မှတ် လျှောက်ထားလိုသူတို့အတွက် အီလက်ထရောနစ် မှတ်ပုံတင် Unique ID (UID) ခေါ် စမတ်ကတ် မဖြစ်မနေ ပြရန်လိုအပ်လာပြီး ဤသတ်မှတ်ချက်အသစ်သည် ပြည်ပထွက်ခွင့်ရရေး ခက်ခဲနေချိန်တွင် ထုတ်ပြန်လာခြင်းဖြစ်သည်။ စမတ်ကတ်သည် လက်ရှိတွင် စာရွက်အဆင့်သာရှိသေးပြီး နေပြည်တော်နှင့် စစ်ကောင်စီ နယ်မြေစိုးမိုးသည့် ဒေသများရှိ လူဝင်မှုကြီးကြပ်ရေးရုံးများတွင်သာ ထုတ်ပေးနိုင်သေးသည်။ တဖက်တွင်လည်း စစ်မှုထမ်းရန်အတွက် မဲပေါက်သူများ တိမ်းရှောင်မှုများပြားလာသဖြင့် လူငယ်များကိုဖမ်းဆီးပြီး အတင်းအကြပ် စစ်သင်တန်းတက်ရန် စေခိုင်းမှု ပိုမိုလုပ်ဆောင်နေသည်ကို တွေ့ရှိရပြီး အလားတူ မေလ ၂၅ ရက်နေ့မှ စတင်ပြီး ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ ရိုဟင်ဂျာဒုက္ခသည်စခန်းများတွင်လည်း စစ်သင်တန်း အပတ်စဉ် (၃) တက်ရမည့် လူငယ်များကို မဲနှိုက်ရွေးချယ်နေကြောင်း သိရသည်။ ယခုကဲ့သို့ အခြေအနေများကြောင့် MOU စနစ်ဖြင့် ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေသော မြန်မာအလုပ်သမားများသည် သက်တမ်းကုန်ပါက ကိုယ့်နိုင်ငံသို့ပြန်ကာ သက်တမ်းတိုးရမည်ကို စိုးရိမ်လျက်ရှိပြီး မေလ ၁ ရက်နေ့( ကမ္ဘာ့အလုပ်သမားနေ့) တွင်လည်း အလုပ်သမားအဖွဲ့များက MOU လေးနှစ်ပြည့် အလုပ်သမားများကို နေရပ်ပြန်စရာမလိုဘဲ ထိုင်းနိုင်ငံ၌ပင် သက်တမ်းတိုးခွင့်ပြုရန် ဘန်ကောက်မြို့တွင် ချီတက်တောင်းဆိုခဲ့ကြကြောင်း မီဒီယာဖော်ပြချက်များတွင် တွေ့ရှိရသည်။

## ၂။ ၂၀၂၄ ခုနှစ် မေလတွင် ကျူးလွန်ခဲ့သော စစ်တပ်၏ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုများ

၂၀၂၄ ခုနှစ် မေလအတွင်း စစ်ကောင်စီ ၏ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု ဖြစ်ပွားခဲ့သည့် ကိစ္စရပ် အနေဖြင့် နှစ်ခု ရှိခဲ့သည်ကို သက်ဆိုင်ရာဒေသခံအဖွဲ့များနှင့် မီဒီယာများ၏ ဖော်ပြချက်အရ သိရှိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ် လက်ထုတ္တောကျေးရွာသို့ ဝင်ရောက်စီးနင်းခဲ့သော စစ်ကောင်စီတပ်သည် ရွာသူရွာသား ၃၃ ဦးကို သတ်ဖြတ်ခဲ့သည်ကို မီဒီယာများ၏ ဖော်ပြချက်များအရသိရှိရသည်။ သတ်ဖြတ်ခံရသူများတွင် ၁၈ နှစ်အောက် ကလေးတဦးနှင့် သက်ကြီးရွယ်အိုများ ပါဝင်သည်ဟု ထွက်ရှိလာသည့် စာရင်းအများသိရှိရသည်။ အလားတူ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကို စစ်ကောင်စီမှ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဗျိုင်းဖြူကျေးရွာတွင်လည်း မေလ ၂၉ ရက်နေ့မှ မေလ ၃၁ ရက်နေ့အတွင်း ထပ်မံလုပ်ဆောင်ခဲ့သည်ကို မီဒီယာများက ဖော်ပြသည်။ သတ်ဖြတ်ခံရသူ ၄၀ ကျော်ရှိပြီး ၃၃ ဦး၏ အမည်စာရင်းကို အာရက္ခတပ်တော် AA မှ ရရှိထားပြီဖြစ်ကြောင်းလည်း မီဒီယာများတွင် ဖော်ပြသည်။ ထို့သို့ အသတ်ခံရသူများရှိသည့်အပြင် အမျိုးသမီးသုံးဦး မုဒိမ်းအကျင့်ခံခဲ့ရပြီး နှစ်ဦးမှာ အသတ်ခံခဲ့ရသည်ဟု သိရှိရသည်။

## ၃။ AA နှင့် စစ်ကောင်စီတို့ တိုက်ပွဲများအကြား ဖြတ်သန်းနေရသည့် ဘူးသီးတောင်ရှိ ရိုဟင်ဂျာများ၏ ဘဝအခြေအနေ

၂၀၂၄ ခုနှစ် မေလအတွင်း ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့တွင် စစ်ကောင်စီတပ်နှင့် အာရက္ခတပ်တော် (AA) အကြား တိုက်ပွဲပြင်းထန်ခဲ့ပြီး ထိုတိုက်ပွဲကြောင့် ဘူးသီးတောင်ဒေသခံ ရိုဟင်ဂျာများ ထိခိုက်သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများရှိကြောင်း မီဒီယာဖော်ပြချက်များအရ သိရှိရသည်။ မေလ ၁၇ ရက်နေ့တွင် စစ်ကောင်စီတပ်များဘက်မှ အာရက္ခတပ်တော် (AA) တပ်ဖွဲ့ဝင်များ ရှိနိုင်မည့် နေရာများကို မှန်းဆကာ ဘူးသီးတောင်မြို့ပေါ်ကို လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ထိုတိုက်ခိုက်မှုအပြီးတွင် အာရက္ခတပ်တော် (AA)ဘက်မှလည်း ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး အပြန်အလှန် တိုက်ခိုက်မှုများအတွင်း ရိုဟင်ဂျာ ၃၀ ဦး ကျော် သေဆုံးခဲ့ကာ နှစ်ရာခန့် ဒဏ်ရာရရှိခဲ့သည်။ ထို့နောက် ညပိုင်းတွင် အာရက္ခတပ်တော်(AA)ဘက်မှ ဘူးသီးတောင်မြို့ပေါ်ရှိ ရပ်ကွက်(၇)ခုနှင့် ကျေးရွာ တစ်ရွာကို မီးရှို့ခဲ့သည်ဟု မီဒီယာများမှ ဖော်ပြသည်ကို တွေ့ရှိရသည်။ ထိုသို့ တိုက်ပွဲများမဖြစ်ပွားခင် (AA) ဘက်မှ ရိုဟင်ဂျာများကို နေရပ်စွန့်ခွာရန် နှုတ်ဖြင့် အမိန့်ပေးခဲ့ကြောင်း ဒေသခံများ၏ပြောကြားချက်ကို မီဒီယာဖော်ပြမှုတွင် တွေ့ရသည်။ မေလ ၁၈ ရက်နေ့တွင် အာရက္ခ တပ်တော်(AA)ဘက်မှ ဘူးသီးတောင်ဗျူဟာဌာနချုပ်အပါအဝင် စခန်းအားလုံးကို သိမ်းပိုက်ပြီးကြောင်း ထုတ်ပြန်ခဲ့ပြီး စစ်ကောင်စီတပ်နှင့် ပူးပေါင်းလျက်ရှိသော ရိုဟင်ဂျာများကို လိုက်လံ "ရှင်းလင်း" နေသောကြောင့် တိုက်ပွဲများဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း မီဒီယာများတွင် ဖော်ပြထားသည်။ မေလ ၂၂ ရက်နေ့တွင် တော်လှန်ရေး အင်အားစုများနှင့် အရပ်ဘက်အဖွဲ့အစည်း ၁၉၄ ဖွဲ့မှ ရခိုင်ဒေသနှင့် တ နိုင်ငံလုံးမှ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များ အနေဖြင့် ရိုဟင်ဂျာ လူမျိုးစုများ၏ အသက်အိုးအိမ်စည်းစိမ်နှင့် ပုံရိပ်များကို နိုင်ငံရေးနှင့်စစ်ရေး လိုအပ်ချက်အတွက် အသုံးချနေမှုများ ချက်ချင်းရပ်ရန် ပူးတွဲထုတ်ပြန်ခဲ့သည်။ ထို့အပြင် မေလ ၂၄ ရက် ကုလသမဂ္ဂ သတင်းစာရှင်းလင်းပွဲတွင် တာဝန်ရှိသူများမှ ဂြိုဟ်တုနှင့် အင်တာနက်ပေါ်မှ ရသော အထောက်အထားများအရ ဘူးသီးတောင်မြို့မှ မြန်မာစစ်တပ် ဆုတ်ခွာသွားပြီးနောက် တ မြို့လုံးနီးပါး မီးရှို့ဖျက်ဆီးခံထားရကြောင်းနှင့် ထွက်ပြေးလာသော ရိုဟင်ဂျာများကို အာရက္ခတပ်တော် (AA) တပ်ဖွဲ့ဝင်များမှ တားဆီးပိတ်ပင်မှုနှင့် သတ်ဖြတ်မှုအချို့ ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် ရခိုင်နှင့် ရိုဟင်ဂျာအသိုင်းအဝိုင်း နှစ်ခု အကြား စိတ်ဝမ်းကွဲ ပဋိပက္ခဖြစ်စေမည့် သတင်းအမှားဝါဒဖြန့်ချိမှုများ ပျံ့နှံ့နေပြီး အာရက္ခ တပ် တော် (AA) ခေါင်းဆောင် ဖြစ်သူ ဗိုလ်ချုပ်ထွန်းမြတ်နိုင်မှလည်း ရိုဟင်ဂျာများနှင့် ပတ်သက်ပြီး အယူအဆအမှားများကို Twitter ၌ ရေးသားနေမှုများ တွေ့ရသည်ဟု ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံး မြန်မာဌာန၏ အကြီးအကဲ ဂျိမ်း(စ်) ရို(ဒ်)ဟောဇာမှ သတင်းစာရှင်းပွဲတွင် ပြောကြားခဲ့သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး လူ့အခွင့်အရေးဆိုင်ရာ အရှေ့တောင်အာရှ လွှတ်တော်အမတ်များအဖွဲ့ (APHR) အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းအ ချို့မှလည်း ရခိုင်ပြည်နယ်မြောက်ပိုင်း အခြေအနေများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်များကို မီဒီယာများမှ တဆင့် သိရှိရသည်။